CITIZEN ACTION FOR TRANSPARENCY
CAfT
MYANMAR



# ချောင်းဆုံမြို့နယ် ရေလုပ်သားများ၏ ရှင်သန်ရပ်တည်ရေးစိန်ခေါ်မှုများအား လေ့လာဆန်းစစ်ခြင်း

# နောက်ခံအကြောင်းတရား

ယခုအစီရင်ခံစာသည် Citizen Action for Transparency (CAfT) မှ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများ၏ လူမှုစီးပွားအခြေအနေကို ကောက်ယူထားပါသည်။ ထို့အပြင် ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို နားလည်စေရန် ရည်ရွယ်၍ ကောက်ယူထားသော စစ်တမ်းဖြစ်ပါသည်။ သမိုင်းကြောင်းအရ ချောင်းဆုံမြို့နယ်ကို ဘီလူးကျွန်းဟု လူသိများပြီး မွန်ပြည်နယ်တွင် ထင်ရှားသော ကျွန်းတစ်ကျွန်းဖြစ်သည်။




အရှေ့မှ အနောက်သို့ (၁၀) မိုင် (၂) ဖာလုံ၊ မြောက်မှ တောင်သို့ (၁၉) မိုင် (၄) ဖာလုံ ရှည်လျားပြီး စုစုပေါင်း ဧရိယာ (၂၅၄.၀၉၈) စတုရန်းမိုင် ကျယ်ဝန်းသည်။ ၎င်းမြို့နယ်သည် ရေများဝန်းရံလျက်ရှိပြီး အရှေ့ဘက်တွင် သံလွင်မြစ်နှင့် မော်လမြိုင်မြို့နယ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် သံလွင်မြစ်နှင့် ပေါင်မြို့နယ်တို့ ဆက်စပ်လျက်ရှိကြသည်။ ချောင်းဆုံမြို့နယ်သည် တောင်ကုန်းတောင်တန်းများဖြင့် ဖုံးလွှမ်းနေပြီး အမြင့်ဆုံးနေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် (၅၅၉) ပေ ရှိသော မုဒူးတောင် (သို့မဟုတ်) မုဆိုးမတောင် ဖြစ်သည်။ ထို့အပြင် ပူနွေးစွတ်စိုသော အပူပိုင်းရာသီဥတုရှိပြီး အမြင့်ဆုံး ပျမ်းမျှအပူချိန်မှာ ၃၅°C နှင့် အနိမ့်ဆုံးအပူချိန်မှာ ၁၇°C ရှိပါသည်။ ချောင်းဆုံမြို့နယ်၏ အုပ်ချုပ်ရေးကဏ္ဍမှာ ၂၀၂၁ ခုနှစ်အထိ ရပ်ကွက် (၃) ခု၊ ကျေးရွာအုပ်စု (၄၄) ခုနှင့် ကျေးရွာ (၇၈) ရွာ ပါဝင်သည်။

အဆိုပါမြို့နယ်သည် မြစ်ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းများရှိသောကြောင့် ရေလုပ်ငန်းအတွက် အခွင့်အလမ်းများစွာရရှိပြီး ငါးဖမ်းလုပ်ငန်းကို အဓိက လုပ်ကိုင်လာကြသည်။ သို့သော် ဒေသခံရေလုပ်သားများသည် ကုန်ကျစရိတ်မြင့်တက်မှု၊ လိုင်စင်စနစ်များ ပြောင်းလဲမှု၊ ရာသီဥတု ပြောင်းလဲမှုနှင့် ဈေးကွက်မတည်ငြိမ်မှု စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ၎င်းစိန်ခေါ်မှုများကြောင့် ဒေသခံ ပြည်သူလူထု၏ စီးပွားရေး တည်ငြိမ်မှုကို ထိခိုက်စေပြီး အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရှားပါးလာကာ ရွှေ့ပြောင်းလုပ်ကိုင်မှု များပြားလာခဲ့သည်။ ထို့ကြောင့် ယခုစစ်ဆေးတွေ့ရှိချက်သည် ရေလုပ်သားတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအချက်အလက်များကိုအခြေခံကာ လေ့လာဆန်းစစ်ရန် ရည်ရွယ်ထားသည်။



# အနှစ်ချုပ်

အဆိုပါစစ်တမ်းသည် ချောင်းဆုံမြို့နယ်ရှိ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ (၉၈)ဦး၏ လူမှုစီးပွားအခြေအနေကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ ထိုသို့ရရှိသည့် အချက်အလက်များအရ ချောင်းဆုံဒေသ ရေလုပ်သားများ၏ ရှင်သန်ရပ်တည်ရေးသည် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရှိရပါသည်။

လူမှုစီးပွားအခြေအနေကိုလေ့လာရာတွင် လူဦးရေဆိုင်ရာအချက်အလက်များအရ စစ်တမ်းဖြေဆိုသူများတွင် အမျိုးသား (၅၆)ရာခိုင်နှုန်း နှင့် အမျိုးသမီး (၄၄)ရာခိုင်နှုန်း ပါဝင်နေခြင်းကြောင့် ရေထွက်ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှု လုပ်ငန်းကွင်းဆက်တွင် အမျိုးသမီးများ၏ အရေးပါမှု အခန်းကဏ္ဍကိုပြသနေပါသည်။






ရေလုပ်ငန်းလုပ်ကိုင်သူ အများစု၏ (၅၉) ရာခိုင်နှုန်း သည် အသက် (၃၁) နှစ်မှ (၅၀) နှစ်ကြားရှိ လူလတ်ပိုင်းများဖြစ်ကြပြီး လူငယ်ပါဝင်မှုမှာ (၁၁) ရာခိုင်နှုန်းသာရှိသည့်အတွက် ရေလုပ်ငန်းအပေါ် လူငယ်များ စိတ်ဝင်စားမှု လျော့နည်းလာသည်ကို ညွှန်ပြပါသည်။ ဖြေဆိုသူ (၄၀) ရာခိုင်နှုန်း၏မိသားစုဝင်များသည် အလုပ်အကိုင်အတွက် ပြည်တွင်းရှိအခြားမြို့များ နှင့်ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြသည်။ စစ်တမ်းအရ ရေလုပ်သား (၅၈) ရာခိုင်နှုန်း၏ပညာရေးမှာ မူလတန်းအဆင့် ရှိကြသည်။

လုပ်ငန်းခွင်နှင့် ၎င်းတို့၏ဝင်ငွေကိုကြည့်ရှုရာ (၉၄) ရာခိုင်နှုန်းမှာ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသော်လည်း၊ အချိန်ပိုင်းလုပ်ကိုင်သူ (၈၄) ရာခိုင်နှုန်း၊ တစ်နှစ်ပတ်လုံး ငါးဖမ်းခွင့်မရရှိသူ (၅၇) ရာခိုင်နှုန်းရှိခြင်းကြောင့် ဝင်ငွေမတည်ငြိမ်မှုနှင့် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရသည်။ အမျိုးသားများမှာ အမျိုးသမီးများထက် ဝင်ငွေပိုရရှိသော်လည်း အမျိုးသမီးများမှာ အလုပ်ချိန်ပိုများပြီး ဝင်ငွေနည်းပါးခြင်းက စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေသည်။




အဓိကစိန်ခေါ်မှုမှာရေလုပ်သား (၅၅)ရာခိုင်နှုန်းသည် ချေးငွေယူနေရပြီး၊ (၂၀)ရာခိုင်နှုန်းမှာ အတိုးနှုန်းမြင့်မားသည့် ပုဂ္ဂလိကချေးငွေကို မှီခိုနေရခြင်းကြောင့် ကြွေးမြီသံသရာလည်နေကြသည်။ ဖြေဆိုသူ ဦးရေ၏(၇၂) ရာခိုင်နှုန်းသည် ယခင်နှစ်များထက် ငါးဖမ်းလိုင်စင်ကြေးမြင့်တက် လာသည်ဟုဖြေဆိုခဲ့ကြသည်။ ဆက်လက်၍ ဖြေဆိုသူ (၇၆)ရာခိုင်နှုန်း မှာ လိုင်စင်ကြေး (၂)ဆ၊ (၂၃) ရာခိုင်နှုန်း မှာ (၃)ဆ အထိ တိုးမြှင့်ခဲ့သည်ဟုဖြေဆိုခဲ့ခြင်းကြောင့် ရေလုပ်သားများ၏စားဝတ်နေရေးမှာ ဝန်နှင့်အားမမျှတဘဲဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်စေခဲ့သည်။

လောင်စာဆီဈေးနှုန်း မြင့်တက်သည်ဟုဖြေဆိုသူ (၄၆)ရာခိုင်နှုန်း နှင့် လုပ်ငန်းကုန်ကျစရိတ် ကြီးမြင့်သည်ဟုဖြေဆိုသူ (၂၀)ရာခိုင်နှုန်း ရှိနေခြင်းကြောင့် ယင်းက ရေလုပ်သားများအတွက် နောက်ထပ် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

ရေချို/ရေငန်ငါးဖမ်းလုပ်ငန်းတွင် တန်ဖိုးမြှင့်ထုတ်ကုန်မရှိဟု (၈၇)ရာခိုင်နှုန်း ဖြေဆိုကြပြီး ရှိသည်ဟုဖြေဆိုသူ (၁၃)ရာခိုင်နှုန်း သာရှိသည်။ ဖြေဆိုသူ (၁၃)ရာခိုင်နှုန်းထဲမှ (၇၇)ရာခိုင်နှုန်း မှာ ငါးခြောက်လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်ကြခြင်းကြောင့် ကုန်ကြမ်းအဓိကထုတ်လုပ်ရောင်းချနေရပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်မှု အားနည်းနေသေးသည်ကို တွေ့ရှိရသည်။

ငါးဈေးကွက်မတည်ငြိမ်မှုရှိသည်ဟုဖြေဆိုသူ (၈၃)ရာခိုင်နှုန်း၊ ဝယ်လိုအားလျော့နည်းသည်ဟုဖြေဆိုသူ (၄၅)ရာခိုင်နှုန်း နှင့် ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသည်ဟုဖြေဆိုသူ (၂၃)ရာခိုင်နှုန်း ရှိခြင်းကြောင့် ဈေးကွက်အခက်အခဲများစွာ ဖြစ်ပေါ်စေပြီး ရေလုပ်သားများ၏ ဝင်ငွေကို ထိခိုက်စေသည်။









ရေလုပ်သားအဖွဲ့အစည်း မရှိဟုဖြေဆိုသူ (၆၅)ရာခိုင်နှုန်း ရှိခြင်းကြောင့် ရေလုပ်ငန်း၏စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းနိုင်မှုနှင့် အထောက်အပံ့များရယူနိုင်မှု အပေါ်အားနည်းစေသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ငါးရရှိမှုလျော့ကျသည်ဟုဖြေဆိုသူ (၂၃)ရာခိုင်နှုန်း ရှိသည်။

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများသည် ဝင်ငွေမတည်ငြိမ်မှု၊ ကုန်ကျစရိတ်မြင့်တက်မှု၊ ချေးငွေဝန်ထုပ်ဝန်ပိုးများ၊ တန်ဖိုးမြင့်ထုတ်ကုန်ကန့်သတ်ချက်များနှင့် ဈေးကွက်အခက်အခဲများ စသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ထိုစိန်ခေါ်မှုများသည် ရေလုပ်သားတို့၏ ရှင်သန်ရပ်တည်ရေးနှင့် စားနပ်ရိက္ခာဖူလုံမှုကို တိုက်ရိုက်ထိခိုက်စေသည်။ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ငွေကြေးပံ့ပိုးမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှု၊ တန်ဖိုးမြှင့်ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အားဖြည့်မှုများ အရေးတကြီး လိုအပ်ကြောင်း တွေ့ရှိရသည်။

# ရည်ရွယ်ချက်

၁။ ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများ၏ လက်ရှိလူမှုစီးပွားအခြေအနေကို နားလည်ရန်။
၂။ ရေလုပ်သားများ၏ ရှင်သန်ရပ်တည်ရေး (Livelihood) အပေါ်သက်ရောက်မှုရှိသည့် အခိကစိန်ခေါ်မှုများနှင့် အခက်အခဲများကို ဖော်ထုတ်ရန်။
၃။ ရေလုပ်ငန်းကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှု အခြေအနေနှင့် အလားအလာများကို ဆန်းစစ်ရန်။






# အချက်အလက်များကောက်ယူပုံနှင့် နည်းစနစ်များ

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများ၏ လူမှုစီးပွားအခြေအနေ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုကို နားလည်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါသည်။ လေ့လာမှုအတွက် အချက်အလက်များ ကောက်ယူပုံနှင့် နည်းစနစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ချောင်းဆုံမြို့နယ်သည် ရေလုပ်ငန်းကဏ္ဍအတွက်ထင်ရှားသော ဒေသတစ်ခုဖြစ်ခြင်း၊ ရေလုပ်သားများ ပြည်တွင်း/ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများရှိနေခြင်းနှင့် ဒေသခံရေလုပ်သားများ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို လေ့လာရန် နယ်မြေရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂။ ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သား (၉၈)ဦးကို နမူနာအဖြစ် ရွေးချယ်၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ ထိုသို့ရွေးချယ်ရာတွင် ရေလုပ်ငန်းလုပ်ကိုင်မှု အခြေအနေ၊ ကျား/မ အချိုးအစားနှင့် အသက်အပိုင်းအခြား စသည်တို့ကို ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းခဲ့သည်။

၃။ အချက်အလက်ကောက်ယူရာတွင် အဓိကအားဖြင့်လူမှုစစ်တမ်း (Social Survey) ကောက်ယူခြင်းဖြင့် ရရှိခဲ့ပါသည်။ ဖြေဆိုသူ (၉၈)ဦးအား တိုက်ရိုက်မေးမြန်းခြင်း (Face-to-face interviews) ဖြင့် အချက်အလက်များ ရယူခဲ့သည်။

၄။ အချက်အလက် ကောက်ယူရာ၌ အသုံးပြုခဲ့သော ကိရိယာ (Data Collection Instrument) သည် Mobile Phone Application ဖြစ်ပြီး မေးခွန်းပုံစံ (Questionnaire) စနစ်ထည့်သွင်း၍ ကောက်ယူခဲ့သည်။ (ဥပမာ- ကျား/မ ခွဲခြားမှု၊ အသက်အပိုင်းအခြား၊ ပညာရေးအဆင့်၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်မှု ရှိ/မရှိ၊ လုပ်ငန်း လုပ်ကိုင်ပုံ (အချိန်ပိုင်း/အချိန်ပြည့်)၊ ငါးဖမ်းဆီးရာနေရာများ၊ တစ်နှစ်ပတ်လုံး ငါးဖမ်းခွင့် ရှိ/မရှိ၊ လုပ်သက်၊ တစ်ရက်ဝင်ငွေ၊ အလုပ်ချိန်၊ ချေးငွေရယူခြင်းရှိ/မရှိ၊ ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း၊ ချေးငွေအရင်းအမြစ်များ၊ တန်ဖိုးမြင့်ထုတ်ကုန်ရှိ/မရှိ၊ တန်ဖိုးမြင့်ထုတ်ကုန်အမျိုးအစားများ (ငါးပိ၊ ငါးခြောက်၊ ငါးပိရည်ကျို၊ ငံပြာရည်)၊ ဈေးကွက်ဆိုင်ရာ အခက်အခဲများ (ငါးဈေးတည်ငြိမ်မှု၊ ဝယ်လိုအား၊ ပို့ဆောင်ရေး)၊ လောင်စာဆီဈေးနှုန်း၊ ရာသီဥတုပြောင်းလဲခြင်း၊ လိုင်စင်ကြေးမြင့်တက်မှု၊ အရင်းအနှီးမလုံလောက်မှု၊ အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များနှင့် ရေလုပ်ငန်းနှင့် ပတ်သက်သော သင်တန်းများ လိုအပ်မှုစသည့်အချက်များ)။

၅။ စုဆောင်းရရှိသော အချက်အလက်များကို ပမာဏအခြေခံဆန်းစစ်မှု (Quantitative Analysis) နည်းလမ်းကို အသုံးပြုခဲ့သည်။ ဂရပ်များ၊ ဇယားများဖြင့် ဖော်ပြထားသော ရာခိုင်နှုန်းနှင့် အရေအတွက်များသည် အချက်အလက်များကို နားလည်ရလွယ်ကူစေရန်၊ အဓိကရှာဖွေတွေ့ရှိချက်များကို မီးမောင်းထိုးပြရန်အတွက် အသုံးပြုထားခြင်းဖြစ်သည်။ ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများ၏ ရှင်သန်ရပ်တည်မှုဆိုင်ရာ အခြေအနေများကို ဘက်ပေါင်းစုံမှ ပုံဖော်ပေးနိုင်ခဲ့ပြီး ၎င်းတို့ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းစွာ ဖော်ထုတ်နိုင်ခဲ့သည်။

# တွေ့ရှိချက်များ

## (က) ဖြေဆိုသူများ၏ ကျား/မ ခွဲခြားမှု

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများအနက် (၉၈) ဦးကိုမေးမြန်းထားသည့်လူမှုစစ်တမ်းကို အခြေခံ၍ ပြုလုပ်ထားသော ကျား/မ ခွဲခြားမှု၊ အသက်အပိုင်းအခြား၊ ပညာရေးအဆင့်၊ ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်မှု၊ ငါးဖမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်သက်ကိစ္စများကို ပြသထားပြီး ရေလုပ်သားရှင်သန်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုများကို ထင်ရှားစေသည်။




ပုံ (၁) ဖြေဆိုသူများ၏ ကျား/မ ခွဲခြားမှု

ဖြေဆိုသူ (၉၈) ဦးအနက် အမျိုးသား (၅၅) ဦး (၅၆)ရာခိုင်နှုန်း နှင့် အမျိုးသမီး (၄၃) ဦး (၄၄)ရာခိုင်နှုန်း ရှိသည်။ အမျိုးသား နှင့် အမျိုးသမီး တို့၏ ပါဝင်မှုရာခိုင်နှုန်းသည် ညီမျှလုနီးပါးဖြစ်နေပြီး အဓိကအားဖြင့် အမျိုးသမီးများသည် ထုတ်လုပ်မှုနှင့် ရောင်းချမှုလုပ်ငန်းများတွင် ပါဝင်ကြောင်း ညွှန်ပြနေပါသည်။

## (ခ) ဖြေဆိုသူများ၏ အသက်အပိုင်းအခြားခွဲခြားမှု

ချောင်းဆုံမြို့နယ်ရှိ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသောကျေးရွာများမှ ဖြေဆိုသူများအနက် အသက် (၆၀နှစ် အထက်) အမျိုးသား (၆)ဦးနှင့် အမျိုးသမီး (၅)ဦး၊ အသက် (၅၁-၆၀ နှစ်အတွင်း)တွင် အမျိုးသား (၁၁)ဦးနှင့် အမျိုးသမီး (၈)ဦး၊ လူလတ်ပိုင်းအသက် (၃၁-၅၀နှစ်အတွင်း)မှာ အမျိုးသား(၃၂)ဦးနှင့် အမျိုးသမီး (၂၅)ဦး၊ လူငယ်အသက် (၁၈-၃၀နှစ်အတွင်း) အမျိုးသား (၆)ဦး၊ အမျိုးသမီး (၅)ဦးဖြေဆိုထားပါသည်။ လုပ်အားနှင့် ထုတ်ကုန်ဖန်တီးနိုင်စွမ်းရှိသည့် အသက်အပိုင်းအခြားကိုလေ့လာခဲ့ရာ လူလတ်ပိုင်းအသက် (၃၁-၅၀နှစ်အတွင်း)သည် (၅၇)ရာခိုင်နှုန်း ရှိသည့်အနက် အမျိုးသား (၃၃)ဦး နှင့် အမျိုးသမီး (၂၆)ဦးတို့ ပါဝင်နေသည်။ ငါးဖမ်းလုပ်ငန်းတွင် လူငယ်ပိုင်း (၁၁)ရာခိုင်နှုန်း အနည်းဆုံးဖြစ်နေခြင်းက လူငယ်များစိတ်ဝင်စားမှု လျော့နည်းနေပြီး နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်ရှာဖွေရန်ထွက်ခွာနေကြခြင်းကို ပြသလျက်ရှိသည်။ ရေလုပ်ငန်းတွင် လူလတ်ပိုင်းအရွယ်မှာ အဓိကအင်အား ဖြစ်သော်လည်း လူငယ်များ၏ ပါဝင်မှုနည်းခြင်းက အနာဂတ်တွင် ငါးဖမ်းလုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရေး အပေါ်စိုးရိမ်မှု ဖြစ်စေနိုင်သည်။




ပုံ(၂) ဖြေဆိုသူများ၏ အသက်အပိုင်းအခြားခွဲခြားမှု

## (ဂ) ဖြေဆိုသူများ၏အသက်အပိုင်းအခြား

ဖြေဆိုသူများထဲတွင် စာမတတ်သူအမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၄) ဦး၊ ဘုန်းတော်ကြီးပညာသင်ကြားခဲ့သူ အမျိုးသား (၆) ဦးနှင့် အမျိုးသမီး (၁)ဦး၊ မူလတန်း (၁-၄တန်း) တွင်အမျိုးသား (၃၁)ဦးနှင့် အမျိုးသမီး (၂၆)ဦး၊ အလယ်တန်းအထိတက်ရောက်ခဲ့သူ (၅-၈ တန်း) အမျိုးသား (၁၃)ဦးနှင့် အမျိုးသမီး (၉)ဦး၊ အထက်တန်းအဆင့် (၉-၁၂ တန်း) အမျိုးသား (၁)ဦးနှင့် အမျိုးသမီး (၂)ဦး၊ အဆင့်မြင့်ပညာရေး တက်ရောက်ထားသူ (၁၀/၁၂ တန်းအောင်) အမျိုးသား (၁)ဦး၊ ဘွဲ့ရရှိထားသူ အမျိုးသား (၁)ဦးနှင့် အမျိုးသမီး (၁)ဦးရှိနေသည်။ ပညာသင်ကြားရေးတွင် မူလတန်းအဆင့် (၅၇)ဦး၊ (၅၈)ရာခိုင်နှုန်းဖြင့် အများဆုံးရှိနေသည်။ အမျိုးသမီးများသည် စာမတတ်သူ (၉)ရာခိုင်နှုန်း ရှိသောကြောင့် အမျိုးသားများထက် ပိုများပြီး မြင့်မားသော ပညာရေးအဆင့် (ဥပမာ၊ ဘွဲ့ရ) တွင်လည်း အမျိုးသမီးများနည်းပါးနေ၍ (၂)ရာခိုင်နှုန်းသာ တွေ့ရသည်။ ပညာရေးနိမ့်ပါးမှုသည် အမျိုးသမီးများ၏ ကျွမ်းကျင်မှုနှင့် ဈေးကွက်စီမံခန့်ခွဲမှုကို ထိခိုက်စေပြီး စားနပ်ရိက္ခာဖူလုံမှုကို သက်ရောက်စေနိုင်သည်။




ပုံ (၃) အသက်အပိုင်းအခြားအလိုက်ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)

## (ဃ) ပြည်တွင်း၊ပြည်ပသို့သွားရောက်လုပ်ကိုင်သူရှိ/မရှိ

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်ငန်းလုပ်ကိုင်ရာ ကျေးရွာများတွင် လူငယ်များ ပြည်တွင်း/ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်သူများရှိ/မရှိကိုမေးမြန်းရာ မသွားရောက်သူ (၅၉)ဦး (၆၀)ရာခိုင်နှုန်း နှင့် သွားရောက်သူ (၃၉)ဦး (၄၀)ရာခိုင်နှုန်း ရှိသည်။ ရေလုပ်ငန်းနယ်ပယ်တွင် ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်နေသူ (၄၀)ရာခိုင်နှုန်း ရှိနေခြင်းသည် စီးပွားရေးအကျပ်အတည်းကိုညွှန်ပြနေပြီး တစ်ချို့မိသားစုများသည် ပြည်ပသို့ သွားရောက်၍ ဝင်ငွေရရှိမှုကို ရှာဖွေနေကြောင်း ဖော်ပြနေသည်။ ထိုသို့ အလုပ်အကိုင်ရွှေ့ပြောင်းမှုသည် ရေလုပ်သားအင်အားကို လျော့နည်းစေပြီး မိသားစု စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေနိုင်သည်။




ပုံ (၄) ပြည်တွင်း/ပသို့သွားရောက်လုပ်ကိုင်သူရှိ/မရှိဖြေဆိုချက်ကို နှိုင်းယှဉ်ခြင်း (ရာခိုင်နှုန်း)

## (c) ဖြေဆိုသူများ၏ငါးဖမ်းဆီးမှု

လက်ရှိတွင်ရေလုပ်ငန်းဆောင်ရွက်သူ (၉၂)ဦး (၉၄) ရာခိုင်နှုန်း၊ ယခင်ကလုပ်ကိုင်ခဲ့သူ (၅)ဦး (၅) ရာခိုင်နှုန်းနှင့် ရေလုပ်ငန်းမလုပ်ကိုင်သူ (၁)ဦး (၁) ရာခိုင်နှုန်းရှိပြီး လက်ရှိရေလုပ်ငန်းလုပ်ကိုင်သူ (၉၄) ရာခိုင်နှုန်းသည် ရေလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်နေသည်ကို ညွှန်ပြနေပြီး ယခင်က ရေလုပ်ငန်း လုပ်ကိုင်ခဲ့သူ (၅) ရာခိုင်နှုန်း ရှိနေခြင်းက ရေလုပ်ငန်း နယ်ပယ်တွင် ရင်းနှီးလုပ်ကိုင်သူလျော့ကျလာသည်ကို ညွှန်ပြသည်။




ပုံ (၅) ဖြေဆိုသူများ၏ငါးဖမ်းဆီးမှုအခြေအနေ

## (စ) အချိန်အလိုက်ငါးဖမ်းဆီးမှု

ဖြေဆိုမှုများအရ အချိန်ပြည့် ငါးဖမ်းဆီးသူ (၁၆)ဦး (၁၆) ရာခိုင်နှုန်း၊ အချိန်ပိုင်း ငါးဖမ်းဆီးသူ (၈၁)ဦး (၈၄) ရာခိုင်နှုန်းရှိပြီး အချိန်ပိုင်းဖမ်းသူ (၈၄) ရာခိုင်နှုန်းရှိနေခြင်းသည် ရာသီအလိုက် ဝင်ငွေမတည်ငြိမ်မှုကို ညွှန်ပြပြီး အချိန်ပြည့်ငါးဖမ်းဆီးသူ (၁၆) ရာခိုင်နှုန်း ရှိသဖြင့် နည်းပါးနေသည် ကိုတွေ့ရသည်။ အချိန်ပိုင်းလုပ်ကိုင်ခြင်းသည် ဝင်ငွေ မတည်ငြိမ်မှု ကိုဖြစ်ပေါ်စေပြီးစားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေနိုင်သည်။




ပုံ (၆) အချိန်အလိုက် ငါးဖမ်းဆီးမှုအခြေအနေ (ရာခိုင်နှုန်း)

## (ဆ) ငါးဖမ်းဆီးရာနေရာများ

ပင်လယ်ဝတွင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၁၉)ဦး (၂၀)ရာခိုင်နှုန်း၊ မြစ်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ (၇၁)ဦး (၇၃)ရာခိုင်နှုန်း၊ ချောင်းအတွင်းငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၂)ဦး (၂)ရာခိုင်နှုန်း၊ ပင်လယ်ဝနှင့်မြစ်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၃)ဦး (၃)ရာခိုင်နှုန်း၊ မြစ်နှင့်ချောင်းအတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၂)ဦး (၂)ရာခိုင်နှုန်းရှိနေသည်။ မြစ်အတွင်းငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ (၇၃) ရာခိုင်နှုန်းသည် အများဆုံးဖြစ်နေပြီး ချောင်းနှင့် ပင်လယ်ဝဘက်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ နည်းပါးနေသည်။ ကောက်ယူထားသော အချက်အလက်များအရ မြစ်များကို ထိန်းသိမ်းခြင်းဖြင့် အရင်းအမြစ် လျော့ကျခြင်းကို ကာကွယ်နိုင်သည်။




ပုံ (၇) ငါးဖမ်းဆီးသောနေရာများနှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)

## (၉) တနှစ်ပတ်လုံးငါးဖမ်းဆီးခွင့်

တစ်နှစ်ပတ်လုံး ငါးဖမ်းခွင့်ရှိခြင်း၊မရှိခြင်းမေးခွန်းကို ဖြေကြားရာတွင် တစ်နှစ်ပတ်လုံးငါးဖမ်းခွင့်ရှိသည်ဟု ဖြေကြားသူ (၄၂)ဦး (၄၃)ရာခိုင်နှုန်းနှင့် တစ်နှစ်ပတ်လုံးငါးဖမ်းခွင့်မရှိပါဟု ဖြေကြားသူ (၅၅)ဦး (၅၇)ရာခိုင်နှုန်းရှိသည်။ တနှစ်ပတ်လုံးဖမ်းခွင့်မရှိသူ (၅၇)ရာခိုင်နှုန်း သည် ရာသီအလိုက် ဝင်ငွေရရှိမှုကို ထိခိုက်စေသည်။ အချိန်ပြည့် ငါးဖမ်းလုပ်ငန်းမရှိသောသူများအတွက် အစားထိုးလုပ်ငန်းများ အကောင်အထည် ဖော်ပေးရန် လိုအပ်နေပြီး အစားထိုး ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေနိုင်သည်။




ပုံ (၈) တနှစ်ပါတ်လုံးငါးဖမ်းခွင့်ရှိ/မရှိဖြေဆိုချက် (ရာခိုင်နှုန်း)

## (ဈ) ငါးဖမ်းလုပ်သက်များ

ဖြေဆိုသူများထဲတွင် ငါးဖမ်းလုပ်သက် ၁လ-၁နှစ် အတွင်း ရှိသူ (၂)ဦး (၂)ရာခိုင်နှုန်း၊ ငါးဖမ်းလုပ်သက် ၁-၃နှစ်အတွင်းရှိသူ (၅) ဦး (၅)ရာခိုင်နှုန်း၊ ငါးဖမ်း လုပ်သက် ၃-၅နှစ် အတွင်းရှိသူ (၂)ဦး (၂)ရာခိုင်နှုန်း၊ ၅-၁၀နှစ် အတွင်းရှိသူ (၄)ဦး (၄)ရာခိုင်နှုန်းနှင့် ငါးဖမ်း လုပ်သက် (၁၀)နှစ်အထက်ရှိသူ (၈၄) ဦး (၈၇)ရာခိုင်နှုန်းရှိနေသည်။ (၁၀)နှစ်အထက် လုပ်သက်ရှိသူ (၈၇)ရာခိုင်နှုန်း သည် ကျွမ်းကျင်သော လုပ်သားများကို ညွှန်ပြနေသည်။




ပုံ (၉) ဖြေဆိုသူများ၏ငါးဖမ်းလုပ်သက်နှိုင်းယှဉ်ချက် (ရာခိုင်နှုန်း)

## (ည) ချေးငွေယူခြင်းနှင့်မယူခြင်း

ဖြေဆိုသူများထဲတွင် ချေးငွေယူသူ (၅၃)ဦး (၅၅)ရာခိုင်နှုန်း နှင့် ချေးငွေမယူသူ (၄၄)ဦး (၄၅)ရာခိုင်နှုန်းရှိပြီး ရေလုပ်သားများ ထဲတွင် ချေးငွေယူသူက အများဆုံးဖြစ်ပြီး ချေးငွေမယူသူများသည် ဝင်ငွေတည်ငြိမ်မှု ရှိနိုင်သော်လည်း ချေးငွေယူသူများနေခြင်းက စီးပွားရေးအတွက် ရပ်တည်ရန်ခက်ခဲမှုရှိနေကြောင်း ညွှန်ပြနေသည်။ ချေးငွေယူသူများအတွက် သက်သာသော ချေးငွေစနစ်နှင့် စီးပွားရေးထောက်ပံ့မှု လိုအပ်နေသည်။ ရေလုပ်သားတစ်ဝက်ကျော်မှာ ချေးငွေလိုအပ်နေကြသည်ကို ရှင်းလင်းစွာတွေ့ရှိရပြီး ရေလုပ်ငန်းလုပ်ကိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး မလုံလောက်မှု (သို့မဟုတ်) နေ့စဉ်စားဝတ်နေရေးအတွက် ငွေကြေးလိုအပ်ချက်များကို ဖော်ပြနေသည်။




ပုံ (၁၀) ချေးငွေယူ/မယူသောသူဦးရေ (ရာခိုင်နှုန်း)

## (၄) ချေးငွေအမျိုးအစားနှင့် အတိုးနှုန်း

ချေးငွေအတွက်အတိုးနှုန်း ၁ကျပ်မှ၃ကျပ်အတွင်းပေးရသူ (၃၁)ဦး (၆၀)ရာခိုင်နှုန်း သည် အများဆုံး အချိုးအစား ဖြစ်သည်။ ယင်းအချက်အလက်များအရ ရေလုပ်သားအများစုသည် အဆိုပါ အတိုးနှုန်းဖြင့် ချေးငွေရယူနေကြောင်း ပြသနေသည်။ ချေးငွေအတိုးနှုန်း ၃ကျပ်မှ၅ကျပ်အတွင်းပေးရသူ (၁၂)ဦး (၂၃)ရာခိုင်နှုန်း သည် ဒုတိယအများဆုံးဖြစ်သည်။ အတိုးနှုန်း၅ကျပ်မှ၁၀ကျပ်အတွင်းပေးရသူ (၂)ဦး (၄)ရာခိုင်နှုန်း နှင့် ၁၁ကျပ်မှ၁၅ကျပ်အတွင်းပေးရသူ (၁)ရာခိုင်နှုန်းမှာ အနည်းငယ်သာ ရှိသည်။ အတိုးမပေးရသူ (၁၁)ရာခိုင်နှုန်း သည် အတိုးမပေးရသော ချေးငွေအချို့ ရှိနေသည်ကို ပြသနေပြီး ၎င်းသည် အတိုးမဲ့ချေးငွေများ (သို့မဟုတ်) အခြားအထောက်အပံ့များ ဖြစ်နိုင်သည်။ ချေးငွေအတိုးနှုန်း ၁ကျပ်မှ၃ကျပ်အတိုးနှုန်း (၆၀)ရာခိုင်နှုန်းဖြင့် ချေးယူနေရသည်ဟု ယူဆနိုင်ပြီး ၅ကျပ်မှ၁၅ကျပ်အတွင်းချေးငွေယူသူ (၆)ရာခိုင်နှုန်း ရှိနေခြင်းက ရေလုပ်သားများအတွက် အတိုးနှုန်းမြင့်မားသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ အတိုးနှုန်းမြင့်မားသည့် ချေးငွေများကို ရယူနေရသော ရေလုပ်သားများသည် ၎င်းတို့၏ ဝင်ငွေအပေါ် များစွာ သက်ရောက်မှုရှိနိုင်ပြီး ကြွေးမြီဝန်ထုပ်ဝန်ပိုးကျရောက်စေနိုင်သည်။ ကောက်ယူထားသောအချက်အလက်များအရ ရေလုပ်သားများ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် တရားဝင်ဘဏ်များမှ အတိုးနှုန်းသက်သာသော ချေးငွေများ ပိုမိုရရှိနိုင်ရန် လိုအပ်ကြောင်းပြသနေသည်။ ထို့ပြင် ပုဂ္ဂလိက အတိုးချေးငွေများအပေါ် မှီခိုအားထားမှုကို လျှော့ချရန်အတွက် အတိုးနှုန်းနည်းသော အခြားရွေးချယ်စရာများကို ရှာဖွေပေးရန်လည်း အရေးကြီးပါသည်။

**ပုံ(၁၁) အတိုးနှုန်းအလိုက်ပေးသူဦးရေ (ရာခိုင်နှုန်း)**




## (၅) ချေးငွေရရှိနေသောအရင်းအမြစ်များ

အထက်ပါဂရပ်သည် ရေလုပ်သားများ ချေးငွေရယူသည့် အရင်းအမြစ်များကို ဖော်ပြထားပြီး မြစိမ်းရောင်ချေးငွေ ရယူသူ (၃၄)ဦး (၅၆)ရာခိုင်နှုန်း သည် အများဆုံးချေးငွေရယူသည့် အရင်းအမြစ်ဖြစ်သည်။ ရေလုပ်သားအများစုသည် အစိုးရဘဏ်များ (သို့မဟုတ်) ပုဂ္ဂလိကဘဏ်များမှ ချေးငွေရယူမှုနည်းပါးနေကြောင်း ပြသသည်။ ပုဂ္ဂလိကအသေးစားချေးငွေ (၁၂)ဦး (၂၀)ရာခိုင်နှုန်း သည် ဒုတိယ အများဆုံး အရင်းအမြစ်ဖြစ်သည်။ ရေလုပ်သားများ၏ (၂၀)ရာခိုင်နှုန်း သည် ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ သို့မဟုတ် ပုဂ္ဂလိက အတိုးစားချေးသူများထံမှ ချေးငွေယူနေရကြောင်း ပြသသည်။

ထိုချေးငွေအမျိုးအစားသည် အတိုးနှုန်းမြင့်မားနိုင်သောကြောင့် ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ ဆွေမျိုးများထံမှချေးငွေယူသူ (၇)ဦး (၁၁)ရာခိုင်နှုန်း သည် မိသားစု (သို့မဟုတ်) ဆွေမျိုးများထံမှ အထောက်အပံ့ရယူခြင်းကို ပြသသည်။ အခြားအစိုးရချေးငွေရယူသူ(၁)ဦး (၂)ရာခိုင်နှုန်း၊ ပုဂ္ဂလိဘဏ်မှချေးငွေရယူသူ (၂)ဦး(၃)ရာခိုင်နှုန်း နှင့် မြို့/ရပ်/ရွာများမှ ချေးငွေယူသူ(၅)ဦး (၈)ရာခိုင်နှုန်း တို့သည် ကျန်ရှိသော အရင်းအမြစ်များ ဖြစ်ကြသည်။




**ပုံ (၁၂) ချေးငွေရယူသည့်အရင်းအမြစ်များ (ရာခိုင်နှုန်း)**

## (၃) အမျိုးသားများအတွက် ရေလုပ်ငန်းသင်တန်းလိုအပ်မှု

ရေလုပ်ငန်းနှင့်ပါတ်သက်သည့်သင်တန်းများတက်ရောက်သင်ကြားရန်လို/မလိုဖြေဆိုသူများထဲတွင် မလိုအပ် ဟုဖြေဆိုသူ (၉၂) ဦး (၉၅)ရာခိုင်နှုန်း နှင့် သင်တန်းလိုအပ်ပါသည်ဟုဖြေဆိုသူ (၅) ဦး (၅)ရာခိုင်နှုန်းရှိနေသည်။ သင်တန်းလိုအပ်သည်ဟုဖြေဆိုသူ (၅)ရာခိုင်နှုန်း သည် အမျိုးသားများ၏ ကျွမ်းကျင်မှုကိုပိုမိုတိုးမြှင့်ရန် စိတ်ဝင်စားကြောင်း ပြသပြီး ကျွမ်းကျင်မှုရှိသောကြောင့် သင်တန်းမလိုအပ်ပါဟုဖြေဆိုသူ (၉၅)ရာခိုင်နှုန်း ရှိသည်။ သင်တန်းများပြုလုပ်ပေးခြင်းက အမျိုးသားများ၏ စီးပွားရေးနှင့် ရေထွက်လုပ်ငန်းများကို မြှင့်တင်နိုင်ပြီး၊ သင်တန်းမလိုအပ်သူများအတွက်လည်း နည်းပညာအသစ်များရှာဖွေရန် အခွင့်အလမ်းပေးနိုင်သည်။




**ပုံ (၁၃) အမျိုးသားများအတွက်ရေလုပ်ငန်းနှင့်ပါတ်သက်သောသင်တန်းများလို/မလိုဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)**

## (ပ) ဖမ်းဆီးရမိသောငါးအမျိုးအစားများ

| စဉ် | သိပ္ပံအမည် | အင်္ဂလိပ်နာမည် | ဒေသအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ***Dasyatis* sp.** | **Rays** | ငါးလိပ်ကျောက် | |
| ၂ | ***Congresox talabon*** | **Conger eel** | ငါးရှဉ့် | |
| ၃ | ***Sillaginopsis panijus*** | **Gangetic whiting** | ငါးပလွေ | |
| ၄ | ***Tenualosa ilisha*** | **Hlisa shad** | ငါးသလောက် | ရှားပါး |
| ၅ | ***Coilia dussumieri*** | Gold spotted grenadier anchovy | ငါးမြီးတံသွယ် | |
| ၆ | ***Otolithoides pama*** | Croaker | ငါးဗျက်(ငါးပုတ်သင်) | |
| ၇ | ***Pterotolithus maculatus*** | Blotched tiger toothed croaker | နတ်ကတော်ငါး | ရှားပါး |

| | | | | |
|---|---|---|---|---|
| ၈ | ***Arius maculatus*** | **Spooted catfish** | **ငါးရောင်** | **ရှားပါး** |
| ၉ | ***Mystus cavasius*** | **Dwarf catfish** | **ငါးဇင်ရိုင်း** | |
| ၁၀ | ***Plotosus canius*** | **Gray eel catfish** | **ပင်လယ်ငါးခူ** | **ရှားပါး** |
| ၁၁ | ***Silonia silondia*** | **White catfish** | **ငါးမြင်း** | **ရှားပါး** |
| ၁၂ | ***Mugil cephalus*** | **Flathead grey mullet** | **ကပ်ဘီလူး** | **ရှားပါး** |
| ၁၃ | ***Pangasius hypophthalmus*** | Pangasius | **ငါးတန်** | **ရှားပါး** |
| ၁၄ | ***Polynemus paradiseus*** | Paradise threadfin | **ငါးပုဏ္ဏား** | |
| ၁၅ | ***Glossogobius aureus*** | Golden tank goby | **ကပ်သပိုး** | |

| | | | | |
|---|---|---|---|---|
| ၁၆ | *Harpodon nehereus* | **Bombay duck** | ငါးနှပ် | |
| ၁၇ | *Polynemus indicus* | **Indian threadfin** | ကက္ကူရံ | ရှားပါး |
| ၁၈ | *Lates calcarifer* | **Seabass** | ကကတစ် | |
| ၁၉ | *Xenopterus* sp. | **Pufferfish** | ငါးပူတင်း | ရှားပါး |
| ၂၀ | *Macrobrachium* sp. | **Prawn** | ပုဇွန် | |
| ၂၁ | *Acetes indicus* | **Sergestoid shrimp** | မျှင်ပုဇွန် | |
| ၂၂ | *Scylla* sp. | **Crab** | ဂဏန်း | |

# (ဏ) လှေပိုင်ဆိုင်မှုနှင့် ငါးဖမ်းကရိယာအမျိုးအစား




ပုံ (၁၄) ဖြေဆိုသူများ၏လှေ/ ငါးဖမ်းပိုက်ပိုက်ပိုင်ဆိုင်မှုဦးရေ (ရာခိုင်နှုန်း)




ပုံ (၁၅) ငါးဖမ်းကရိယာအရေအတွက်အလိုက်အသုံးပြုသူဦးရေ (ရာခိုင်နှုန်း)

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများ၏ လှေ/ပိုက်ပိုင်ဆိုင်မှုနှင့်ငါးဖမ်းကရိယာအမျိုးအစားများကို ဖြေကြားရာတွင် လှေနှင့်ပိုက်ပိုင်ဆိုင်သူ (၈၃)ဦး (၈၆)ရာခိုင်နှုန်း၊ ငါးဖမ်းပိုက်ပိုင်ဆိုင်သူ (၁၂)ဦး (၁၂)ရာခိုင်နှုန်းနှင့် ငါးဖမ်းပိုက်ဌားရမ်းလုပ်ကိုင်ရသူ (၂) ဦး (၂)ရာခိုင်နှုန်းရှိနေသည်။ အများဆုံးမှာ လှေနှင့်ပိုက်ပိုင်ဆိုင်သူများဖြစ်ပြီး ပိုက်တစ်ခုတည်းသာ ပိုင်ဆိုင်သူ နှင့် ငါးဖမ်းပိုက်ဌားရမ်းလုပ်ကိုင်ရသူ တို့မှာ အနည်းဆုံးဖြစ်သည်။ လှေနှင့် ပိုက်ပိုင်ဆိုင်မှု မြင့်မားခြင်းသည် ရေလုပ်သားများအား ပိုမိုကျွမ်းကျင်စွာ ငါးဖမ်းနိုင်စွမ်းရှိစေပြီး ဝင်ငွေရရှိမှုကို မြှင့်တင်နိုင်သည်။ ပိုက်တစ်ခုတည်းသာ ပိုင်ဆိုင်သူများ နည်းပါးခြင်းသည်လည်း အသုံးပြုနိုင်သော ကရိယာများ အကန့်အသတ်ရှိခြင်းကို ပြသနေသည်။

ချောင်းဆုံမြို့နယ် ရေချို/ရေငန်ငါးဖမ်းလုပ်ငန်း နှစ်မျိုးစလုံးတွင် ငါးဗျက်ပိုက်၊ ငါးသလောက်ပိုက်၊ ငါးပုဏ္ဏားပိုက်၊ ထောက်ပိုက်၊ ချောင်းတွင်းပိုက်၊ တိုင်ထောင်ပိုက်၊ ကျားပိုက်နှင့် ငါးဇင်ရိုင်းပုံး၊ ငါးမျှားတံ၊ ကိုင်းချ၊ ပလုတ် စသည့် ငါးဖမ်းကိရိယာတို့ကိုအသုံးပြုကြသည်။ ကောက်ယူရရှိသည့်အချက်အလက်များအရ ငါးဖမ်းကိရိယာ တစ်မျိုးကိုအသုံးပြုသူ (၈၀) ဦး (၈၂)ရာခိုင်နှုန်း၊ ငါးဖမ်းကိရိယာ နှစ်မျိုးကို အသုံးပြုသူ (၁၁) ဦး (၁၂)ရာခိုင်နှုန်း၊ ငါးဖမ်းကိရိယာ သုံးမျိုးကိုအသုံးပြုသူ(၆)ဦး (၆)ရာခိုင်နှုန်း ရှိကြသည့်အနက် ငါးဖမ်းကိရိယာတစ်မျိုးတည်း ကိုအသုံးပြုသူမှာ အများဆုံးဖြစ်သည်။ ထိုသို့ ငါးဖမ်းကိရိယာတစ်မျိုးတည်းကို အသုံးပြုမှုမြင့်မားခြင်းက ကျွမ်းကျင်မှုရှိနိုင်သော်လည်း အမျိုးမျိုးသော ကိရိယာများကို မသုံးနိုင်ခြင်းသည် ငါးဖမ်းဆီးရရှိမှုကို ကန့်သတ်နိုင်သည်။ လှေနှင့် ပိုက်ပိုင်ဆိုင်အသုံးပြုမှုသည် ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုရှိသည်ကို ထင်ရှားစေသည်။ အဆိုပါပိုင်ဆိုင်မှုကြောင့် ငါးဖမ်းဆီး ရရှိမှုများတိုးလာနိုင်သော်လည်း ငါးဖမ်းပိုက်တစ်ခုသာ ပိုင်ဆိုင်သူများအတွက် ငါးဖမ်းကိရိယာများ ထောက်ပံ့ပေးရန် လိုအပ်နေသည်။

## (တ) တန်ဖိုးမြင့်ထုတ်ကုန်ပြုလုပ်သူရှိ၊မရှိ




ပုံ (၁၆) တန်ဖိုးမြင့် ထုတ်ကုန်ရှိ/မရှိဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)




ပုံ (၁၇) တန်ဖိုးမြင့်ထုတ်ကုန်အမျိုးအစားအလိုက်ထုတ်လုပ်သူဦးရေ (ရာခိုင်နှုန်း)

တန်ဖိုးမြင့်ထုတ်ကုန်လုပ်ဆောင်မှုရှိ/မရှိ ကိုဖြေဆိုရာတွင် (၈၅)ဦး (၈၇) ရာခိုင်နှုန်း သည် တန်ဖိုးမြင့်ထုတ်ကုန် "မရှိ" ဟုဖြေကြားပြီး (၁၃) ဦး (၁၃) ရာခိုင်နှုန်းမှာ တန်ဖိုးမြင့်ထုတ်ကုန် "ရှိ" ဟုဖြေကြားခဲ့သည်။ ထိုအချက်သည် ရေလုပ်ငန်းကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်မှုမှာ အားနည်းနေသေးကြောင်း ဖော်ပြနေသည်။

ထိုအပြင် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ငါးခြောက်ပြုလုပ်သူ (၁၀)ဦး သည် အများဆုံးဖြစ်ပြီး ယင်းဒေသတွင် ငါးခြောက်လုပ်ငန်းသည် တန်ဖိုးမြင့်ထုတ်ကုန်ကဏ္ဍ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်။ ငါးပိရည်ကျိုလုပ်ငန်း လုပ်ကိုင်သူ (၁)ဦး နှင့် ငံပြာရည်လုပ်ငန်းလုပ်ကိုင်သူ (၂)ဦး ရှိသည့်အနက် ငါးပိရည်ကျို ထုတ်လုပ်မှုမှာ အနည်းငယ်သာရှိသေးသည်။ ငံပြာရည်လုပ်ငန်းလုပ်ကိုင်သူ အရေအတွက် နည်းပါးသော်လည်း ရာခိုင်နှုန်းအားဖြင့် ငါးပိရည်ကျိုလုပ်ငန်းလုပ်ကိုင်သူထက် ပိုများနေသည်ကို တွေ့ရသည်။ ငံပြာရည်ထုတ်လုပ်မှုတွင် လုပ်ကိုင်သူနည်းပါးသော်လည်း လုပ်ငန်းပမာဏ နှင့် ရင်းနှီးမြုပ်နှံမှုသည် ငါးပိရည်ကျိုထက် ပိုမိုကြီးမားနိုင်ကြောင်း ညွှန်ပြထားသည်။

ကောက်ယူရရှိထားသည့် အချက်အလက်များအရ ရေလုပ်ငန်းကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုသည် အားနည်းနေပြီး တန်ဖိုးမြင့်ထုတ်ကုန်လုပ်ကိုင်သူ (၁၃)ရာခိုင်နှုန်း ထဲမှ အများစုမှာ ငါးခြောက်လုပ်ငန်းကို အဓိကထား လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူ (၁၀) ဦး သည် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး၊ ငါးပိရည်ကျို လုပ်ကိုင်သူ (၁)ဦး နှင့် ငံပြာရည်လုပ်ကိုင်သူ (၂)ဦးခန့်သာ ရှိခြင်းကြောင့်ယင်းကဏ္ဍတွင် တန်ဖိုးမြင့် ထုတ်ကုန် လုပ်ကိုင်မှု နည်းပါးနေသေးသည်။ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူများပြားနေရခြင်းမှာ ဈေးကွက်လိုအပ်ချက်နှင့် ထုတ်လုပ်မှုလွယ်ကူခြင်းတို့ကြောင့် ဖြစ်သည်။ အခြားတန်ဖိုးမြင့် ထုတ်ကုန်များဖြစ်သည့် ငါးပိရည်ကျိုနှင့် ငံပြာရည်လုပ်ငန်းတို့ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေကြောင်း ညွှန်ပြနေသည်။ ထိုထုတ်ကုန်များ ထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုနှင့် ဈေးကွက်ရှာဖွေမှုများ လိုအပ်ပါသည်။

# (ထ) အမျိုးသားများ၏ တစ်ရက်ဝင်ငွေနှင့် အလုပ်ချိန်




ပုံ (၁၈) တစ်ရက်ဝင်ငွေအလိုက်ရရှိသူဦးရေ




ပုံ (၁၉) မတူညီသောတစ်ရက် အလုပ်ချိန်အလိုက် အလုပ်လုပ်ရသောဦးရေ

ယေဘုယျအားဖြင့် ရေလုပ်သားများ၏ အလုပ်ချိန်မှာတစ်ရက်လျှင် (၅)နာရီမှ (၁၂) နာရီအထက် ကြာမြင့်စွာလုပ်ကိုင်နေရပြီး ၎င်းတို့၏တစ်ရက်ဝင်ငွေမှာ ကျပ် (၅) ထောင်မှ (၅) သောင်း အထက် ရရှိနေသည်ကိုတွေ့ရှိရသည်။ အမျိုးသားများသည် နေ့စဉ် (၈)နာရီမှ(၁၂) နာရီအထိ အလုပ်လုပ်ကိုင်ကြပြီး တစ်ရက်ကို ပျမ်းမျှ ကျပ် တစ်သောင်းမှ သုံးသောင်းခန့် ရရှိကြသည်။ ဝင်ငွေနှင့် အလုပ်ချိန်မြင့်မားနေခြင်းက အမျိုးသမီးများသည် အမျိုးသားများအပေါ် စီးပွားရေးအရ အားကိုးနေရသည်။ အမျိုးသမီးများသည် အလုပ်ချိန် (၁၂)နာရီအထက် လုပ်ကိုင်နေရသော်လည်း ဝင်ငွေမှာ ကျပ် (၅) ထောင်မှ (၁) သောင်း သာရရှိပြီး ဝင်ငွေနည်း၍အခွင့်အလမ်းကောင်းများမရရှိသည်ကို တွေ့ရသည်။ အမျိုးသမီးများ၏ ဝင်ငွေနည်းပါးမှုနှင့် အလုပ်ချိန်များခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်နိုင်ချေ ရှိသည်။

## (၃) ငါးဖမ်းလိုင်စင်ကြေး ပေးဆောင်ရမှု ပမာဏ




ပုံ(၂၀) ငါးဦးစီးသို့ပေးရသောလိုင်စင်ကြေးကွာခြားမှု (ရှိ/မရှိ)

လိုင်စင်ကြေးမြင့်တက်မှု ရှိသည်ဟုဖြေကြားသူ (၆၀)ဦး (၇၂)ရာခိုင်နှုန်း ရှိနေပြီး လိုင်စင်ကြေးမြင့်တက်မှု မရှိပါဟုဖြေကြားသူ (၂၃) ဦး (၂၈)ရာခိုင်နှုန်း ရှိနေခြင်းကြောင့် ၎င်းကို နှိုင်းယှဉ်ပြလျှင် လိုင်စင်ကြေး မြင့်သည်ဟုဖြေကြားသူမှာ သိသိသာသာ များပြားနေသည်။ ဖြေဆိုသူ ရေလုပ်သား (၇၂) ရာခိုင်နှုန်း သည်ငါးဖမ်းလိုင်စင်ကြေး မြင့်တက်နေခြင်းကို ရင်ဆိုင်နေရသည်ဟု ဆိုလိုနိုင်သည်။

## (ခ) ယခင်နှစ်ထက် လိုင်စင်ကြေး မြင့်တက်မှု အဆများ

ပုံ (၂၁) ငါးဖမ်းလိုင်စင်ကြေးမြင့်တက်လာသော ပမာဏကိုဖြေကြားသူဦးရေ (ရာခိုင်နှုန်း)



လိုင်စင်ကြေး မြင့်တက်ခဲ့သော မေးခွန်းကို ဖြေဆိုသူများအနက် လိုင်စင်ကြေး (၂) ဆ မြင့်တက်ခဲ့သည်ဟု ဖြေဆိုသူ (၄၇)ဦး (၇၆)ရာခိုင်နှုန်း သည် အများဆုံး ဖြစ်ခဲ့သဖြင့် လိုင်စင်ကြေးမှာ ယခင်ထက် (၂)ဆ တိုးမြင့်ခဲ့ကြောင်းတွေ့ရှိရသည်။ အဆိုပါတွေ့ရှိချက်သည် ယခုနှစ်အတွင်း လိုင်စင်ကြေး မြင့်တက်မှုနှုန်း သိသိသာသာ မြင့်မားခဲ့သည်ကို ဖော်ပြနေသည်။ လိုင်စင်ကြေး (၃)ဆ မြင့်တက်စွာ ပေးဆောင်ရသည် ဟုဖြေကြားသူ (၁၃)ဦး(၂၁)ရာခိုင်နှုန်း သည် ဒုတိယ အများဆုံးဖြစ်ပြီး၊ အချို့နေရာများတွင် လိုင်စင်ကြေး မြင့်တက်မှုသည် ယခင်နှစ်ထက် (၃)ဆတိုးခဲ့ကြောင်း ပြသနေသည်။ အချို့နေရာများတွင် လိုင်စင်ကြေး (၄)ဆ မြင့်တက်စွာ ပေးဆောင်ရသည်ဟုဖြေကြားသူ (၂)ဦး(၃)ရာခိုင်နှုန်း သည် အနည်းဆုံးဖြစ်ပြီး၊ လိုင်စင်ကြေး မြင့်တက်မှုသည် ယခင်နှစ်ထက် (၄)ဆ တိုးခဲ့သည်ဟု ဆိုလိုနိုင်ပါသည်။

## (န) ယခုနှစ်ငါးဦးစီးသို့ပေးရသောလိုင်စင်ကြေးပမာဏ

ပုံ (၂၂) ယခုနှစ်ငါးဦးစီးသို့ပေးရသောလိုင်စင်ကြေး ပမာဏကို ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)



ငါးဖမ်းလိုင်စင်ကြေး အမျိုးအစားအလိုက် ပေးဆောင်ရသော ပမာဏကို ဖော်ပြရာတွင်ကျပ်တစ်သောင်းမှ သုံးသောင်းအထိ ပေးဆောင်ရကြောင်းဖြေဆိုသူ (၄၆)ဦး (၅၆)ရာခိုင်နှုန်း သည် အများဆုံး ဖြစ်နေပြီး ငါးဖမ်းလိုင်စင်ကြေးများထဲတွင် အဓိက အကျဆုံး အစိတ်အပိုင်းဖြစ်သည်။ သို့ရာတွင် မည်သည့် လိုင်စင်အမျိုးအစားက အခွန်ငွေ အများဆုံးပေးဆောင်ရသည်ဆိုသည့် အချက်ကို ကောက်ယူမရရှိ၍လိုင်စင်ကြေး မြင့်တက်မှု ရှိ/မရှိကို တိုက်ရိုက် မဖော်ပြနိုင်ပေ။

ဖြေဆိုသူအများစုသည် အစိုးရအား လိုင်စင်ကြေးပေးဆောင်ရသည့် အခွန်သည် ကျပ်တစ်သောင်းမှ သုံးသောင်းဝန်းကျင် ပေးဆောင်ရသည်ဟု အများဆုံးဖြေဆိုကြသည်။ လိုင်စင်ကြေးမြင့်တက်မှုသည် ရေလုပ်သားများအပေါ် သိသာသော သက်ရောက်မှုများ ရှိနိုင်သည်။ ယေဘူယျအားဖြင့် မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် လိုင်စင်ကြေးများ သိသိသာသာ မြင့်တက်လာခဲ့ပြီး၊ (၂)နှစ် အတွင်း (၂)ဆ (သို့မဟုတ်) (၃)ဆ အထိ မြင့်တက်ခဲ့သည်။ ထိုကဲ့သို့မြင့်တက်လာခြင်းကြောင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ အတွက် ကုန်ကျစရိတ် များပြားလာမှုအပေါ် သက်ရောက်လာသည်။

# (ပ) ကျေးရွာအတွင်း ရေလုပ်သားအဖွဲ့အစည်းရှိ/မရှိ




ပုံ(၂၃) ရေလုပ်သားအဖွဲ့အစည်းရှိ/မရှိဖြေဆိုသူ (ရာခိုင်နှုန်း)

ကျေးရွာအတွင်း ရေလုပ်သား အဖွဲ့အစည်းမရှိဟုဖြေဆိုသူ (၆၀)ဦး (၆၅)ရာခိုင်နှုန်း၊ ရေလုပ်သားအဖွဲ့အစည်းရှိသည်ဟုဖြေဆိုသူ (၃၃)ဦး (၃၅)ရာခိုင်နှုန်း ရှိသည့်အနက်အဖွဲ့အစည်းမရှိဟုဖြေဆိုသူ အရေအတွက်မှာ အများဆုံးဖြစ်သည်။ အဆိုပါအဖွဲ့အစည်းမရှိခြင်းသည် ရေလုပ်သားများ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှုရယူနိုင်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အကူအညီ မရရှိနေခြင်းကိုပြသရာရောက်သည်။ ရေလုပ်သား အဖွဲ့အစည်း ရှိခြင်းသည် အချို့သော အကူအညီရရှိနိုင်သော်လည်း အားလုံးကိုလွှမ်းခြုံနိုင်ခြင်းမရှိသည် ကိုတွေ့ရသည်။ ထိုသို့အဖွဲ့အစည်းမရှိခြင်းက ရေလုပ်သားများ၏ စီးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေပြီး ၎င်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည်။

# (ဖ) ငါးဖမ်းလုပ်ငန်း၏ စိန်ခေါ်မှုများ




ပုံ (၂၄) ငါးလုပ်ငန်းတွင်ရင်ဆိုင်နေရသောစိန်ခေါ်မှုများ
ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)

ရေလုပ်သားများရင်ဆိုင်နေရသည့် အခက်အခဲများကိုမေးမြန်းရာ လောင်စာဆီဈေးနှုန်းမြင့်တက်မှု (၄၆)ရာခိုင်နှုန်း၊ ရာသီဥတုပြောင်းလဲမှု (၂၃)ရာခိုင်နှုန်း၊ လိုင်စင်ကြေးမြင့်တက်မှု (၂၀)ရာခိုင်နှုန်း နှင့် ဈေးကွက်မတည်ငြိမ်မှု (၁၁)ရာခိုင်နှုန်း ရှိသည်ဟု ဖြေဆိုရာ လောင်စာဆီဈေးနှုန်းမြင့်တက်မှုမှာ အဓိက စိန်ခေါ်မှုဖြစ်နေသည်။ ငါးဖမ်းစက်လှေများအတွက် လောင်စာဆီသည် အဓိက ကုန်ကျစရိတ် ဖြစ်ခြင်းကြောင့် ဆီဈေးနှုန်း အတက်အကျသည် လုပ်ငန်းရှင်များအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေသည်။

လိုင်စင်ကြေး မြင့်တက်လာခြင်းကလည်း ငါးဖမ်းလုပ်ငန်းမှရရှိသည့် ဝင်ငွေများလျော့နည်းလာပြီး ရေလုပ်သားအဖွဲ့အစည်းများ မရှိခြင်းက ၎င်းစိန်ခေါ်မှုများကို ကိုင်တွယ်ရန် ခက်ခဲစေသည်။ ဈေးကွက်မတည်ငြိမ်သည့် အချက်သည် ရောင်းချရန် ခက်ခဲခြင်း (သို့မဟုတ်) ဈေးကောင်းမရခြင်းတို့ကို ညွှန်ပြနေသည်။ ရာသီဥတုပြောင်းလဲမှုမှာလည်း ဒုတိယအကြီးဆုံးစိန်ခေါ်မှုဖြစ်နေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပြီး ရေလုပ်သားတို့၏စားဝတ်နေရေးမလုံလောက်မှု အတွက် စိုးရိမ်စရာဖြစ်နေပါသည်။ လောင်စာဆီဈေးနှုန်း မြင့်တက်မှုမှာ ငါးဖမ်းစက်လှေများနှင့် ပိုက်ချခြင်းတို့ အသုံးပြုမှုကို ထိခိုက်စေပြီး ဈေးကွက်မတည်ငြိမ်မှုနှင့် လိုင်စင်ကြေးမြင့်တက်မှု တို့သည် ငါးဖမ်းလုပ်ငန်းအတွက် ထုတ်ကုန်ရရှိခြင်းကို လျော့နည်းစေသည်။



# (ဗ) ဈေးကွက်ဆိုင်ရာအခက်အခဲများ




ပုံ (၂၅) ဈေးကွက်ဆိုင်ရာအခက်အခဲများ
အလိုက်ဖြေဆိုသူဦးရေ (ရာခိုင်နှုန်း)

ငါးဈေးကွက်မတည်ငြိမ်ခြင်းမှာ (၈၃)ရာခိုင်နှုန်း၊ ဈေးကွက်ဝယ်လိုအားနည်းခြင်းမှာ (၄၅)ရာခိုင်နှုန်း နှင့် ရောင်းချရန်ပို့ဆောင်ဆက်သွယ်ရေးခက်ခဲခြင်းမှာ (၂၃)ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရှိရပါသည်။ ၎င်းအခြေအနေသည် ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရောင်းချရန် အခွင့်အလမ်းမရှိခြင်းတို့ကို ပြသနေပြီး ယင်းအခက် အခဲများက ရေလုပ်သားများ၏ ဝင်ငွေနှင့်စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်နိုင်ပါသည်။ ဈေးကွက်ပံ့ပိုးမှုအနေဖြင့် ရောင်းချရန် လမ်းကြောင်းများရှာဖွေပေးခြင်း၊ ပို့ဆောင်ရေးလမ်းကြောင်းအဆင်ပြေစေရန်ညှိနှိုင်းပေးခြင်းနှင့် ဈေးနှုန်းထိန်းချုပ်ခြင်းတို့ပြုလုပ်ပေးရန်လိုအပ်ပါသည်။

# (ဘ) လောင်စာဆီရရှိနိုင်မှုအခြေအနေ




ပုံ (၂၆) လောင်စာဆီရရှိမှုအခြေအနေကို ဖြေကြားသူဦးရေ (ရာခိုင်နှုန်း)

ရေလုပ်သားများထဲတွင် လောင်စာဆီဝယ်ယူရန်ခက်ခဲသည်ကိုဖြေဆိုသူ (၄၉)ရာခိုင်နှုန်း သည် အများဆုံးဖြစ်ပြီး လောင်စာဆီဈေးနှုန်းမြင့်တက်သည်ဟုဖြေဆိုသူ (၄၆)ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရန်ခက်ခဲသည်ဟုဖြေဆိုသူ (၅)ရာခိုင်နှုန်း တွေ့ရှိချက်သည် ငါးဖမ်းလုပ်ငန်းကို ထိခိုက်စေသည်။ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်းသည် ရေလုပ်ငန်းလည်ပတ်မှုအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ လောင်စာဆီသည် ငါးဖမ်းလှေများအတွက် အဓိက ကုန်ကျစရိတ် ဖြစ်သောကြောင့် ဆီဈေးနှုန်း အတက်အကျမှာ ရေလုပ်ငန်းရှင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ လောင်စာဆီဝယ်ယူရန်ခက်ခဲခြင်းနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်း တို့ကြောင့် ငါးဖမ်းလုပ်ငန်းကို ထိခိုက်စေပြီး ရေလုပ်သားများ၏ ဝင်ငွေနှင့် စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေသည်။

## သုံးသပ်ချက်

ဤစာတမ်းသည် ချောင်းဆုံမြို့နယ်အတွင်း ရေလုပ်သား (၉၈) ဦး၏ လူမှုစီးပွားအခြေအနေနှင့်စိန်ခေါ်မှုများကို ဘက်စုံထောင့်စုံမှ လေ့လာထားခြင်းဖြစ်သည်။ ကောက်ယူရရှိသည့် အချက်အလက်များအရ အဆိုပါစိန်ခေါ်မှုများသည် ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်း (Livelihood) အပေါ် ဖိအားများစွာ သက်ရောက်နေသည်ကို ရှင်းလင်းစွာ ပြသနေပါသည်။

## (၁) လူမှုရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ အခြေအနေ

လုပ်သားအရင်းအမြစ်နှင့် ပညာရေးစစ်တမ်းအရ ရေလုပ်ငန်းလုပ်ကိုင်သူ အများစုမှာ အသက် (၃၁-၅၀) နှစ်ကြားရှိ လူလတ်ပိုင်း (၅၉)ရာခိုင်နှုန်း ရှိသည်။ လူလတ်ပိုင်းများသည် လက်ရှိလုပ်ငန်းကို မောင်းနှင်နေသော အဓိက အရင်းအမြစ်ကိုပြသသော်လည်း၊ လူငယ်များ (၁၈-၃၀)နှစ် ပါဝင်မှုနှုန်း (၁၁)ရာခိုင်နှုန်း ရှိခြင်းက ရေလုပ်ငန်းအပေါ် လူငယ်များ၏ စိတ်ဝင်စားမှု အလွန်လျော့နည်းလာသည်ကို ဖော်ပြသည်။ အဆိုပါသက်ရောက်မှုသည် ရေရှည်တွင် လုပ်သားအင်အား ပြတ်လပ်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာလက်ဆင့်ကမ်းပြတ်တောက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ဖြေဆိုသူ (၅၈)ရာခိုင်နှုန်းသည် မူလတန်းအဆင့်သာ သင်ယူတတ်မြောက်ထားသောကြောင့် ခေတ်မီနည်းပညာများ သင်ယူနိုင်စွမ်း၊ အခြားကဏ္ဍများသို့ ကူးပြောင်းနိုင်စွမ်းနှင့် ပိုမိုမြင့်မားသော ဝင်ငွေရရှိရန် အခွင့်အလမ်းများ နည်းပါးသည်ကိုတွေ့ရှိရပါသည်။ ကျား/မကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်မှု (၄၄)ရာခိုင်နှုန်းရှိနေခြင်းက ထုတ်လုပ်မှုနှင့် ရောင်းချမှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးတို့၏ အရေးပါသော အခန်းကဏ္ဍကို ပြသသည်။ သို့သော် အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေနည်းပါးပြီး အလုပ်ချိန်ပိုလုပ်ရခြင်းက အမျိုးသမီးများ၏

လုပ်ငန်းခွင် ဖိစီးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိန်ခေါ်မှုများကို မီးမောင်းထိုးပြနေသည်။ အဆိုပါဝင်ငွေကွာဟမှုသည် မိသားစုစားဝတ်နေရေးနှင့် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှုအပေါ် သက်ရောက်မှုရှိသည်။ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းကိုမေးမြန်းရာတွင် ဖြေဆိုသူ (၄၀)ရာခိုင်နှုန်း သည် ပြည်တွင်း/ပြည်ပသို့ အလုပ်လုပ်ကိုင်နေကြသည်ဟုဆိုသည်။ အဆိုပါအချက်သည် ရေလုပ်ငန်း၏ ဝင်ငွေမလုံလောက်မှု နှင့် ရာသီအလိုက် အလုပ်လက်မဲ့ဖြစ်မှုတို့ကြောင့် အခြားဝင်ငွေရရှိရေးလမ်းကြောင်းများကို ရှာဖွေနေရသည့် အခြေအနေကို ဖော်ပြသည်။






## (၂) ငွေကြေးအရင်းအနှီးနှင့် စီးပွားရေးဖိအားများ

ရေလုပ်သား (၅၅)ရာခိုင်နှုန်းသည် လုပ်ငန်းရပ်တည်ရေးအတွက် ချေးငွေရယူနေရသဖြင့် ချေးငွေအပေါ်မှီခိုနေရသည်ကိုတွေ့ရသည်။ လုပ်ငန်းလည်ပတ်ရေးနှင့် စားဝတ်နေရေးအတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက် မြင့်မားနေသည်ကို ညွှန်ပြသည်။ မြစိမ်းရောင်ချေးငွေမှ ချေးယူသူ (၅၆)ရာခိုင်နှုန်း ရှိပြီး အများဆုံးချေးယူကြသော်လည်း ပုဂ္ဂလိကအတိုးစား ချေးငွေချေးယူသူ (၂၀)ရာခိုင်နှုန်း ကို မှီခိုနေရသူများ ရှိနေခြင်းက စိုးရိမ်ဖွယ်ရာဖြစ်သည်။ ချေးငွေအတိုးနှုန်း (၁)ကျပ်မှ (၃)ကျပ်အကြား ချေးယူသူ (၆၀)ရာခိုင်နှုန်း သည် အများဆုံးဖြစ်သော်လည်း အတိုးနှုန်း (၉)ကျပ်မှ (၁၅) ကျပ်အကြား ပေးရသည့် ချေးငွေယူသူများလည်း ရှိနေခြင်းကြောင့် ရေလုပ်သားများ အပေါ်ကြွေးမြီဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ချေမြင့်မားသည်။ လိုင်စင်ကြေး မြင့်တက်မှုရှိသည်ဟု ဖြေဆိုသူ (၇၂)ရာခိုင်နှုန်း ရှိသည့်အနက် (၇၆)ရာခိုင်နှုန်းသည် လိုင်စင်ကြေး (၂)ဆ မြင့်တက်သည်ဟုဖြေဆိုခဲ့ပြီး (၂၃)ရာခိုင်နှုန်း မှာ (၃)ဆ အထိ မြင့်တက်ခဲ့ဟုဖြေဆိုခဲ့သည်။ လိုင်စင်ကြေး မြင့်တက်လာမှုကြောင့် ရေလုပ်သားများ၏ ကုန်ကျစရိတ်သည် ပိုမြင့်တက်လာခဲ့ပြီး ၎င်းတို့၏ ဝင်ငွေအပေါ်ကိုလည်း များစွာ သက်ရောက်မှုရှိစေသည်။ ရေလုပ်ငန်း၏ အမြတ်အစွန်းမှာလျော့ ကျလာပြီး ငွေကြေး လိုအပ်ချက်ကိုလည်း သက်ရောက်စေသည်။ ကုန်ကျစရိတ် မြင့်တက်ခြင်းတွင် လောင်စာဆီဈေးနှုန်း မြင့်တက်မှု (၄၆)ရာခိုင်နှုန်း နှင့် လုပ်ငန်းကုန်ကျစရိတ် ကြီးမြင့်မှု (၂၀)ရာခိုင်နှုန်း တို့ကရေလုပ်ငန်းရှင်များ၏ အဓိက စိန်ခေါ်မှုများဖြစ်လာသည်။ ငါးဖမ်းစက်လှေများ အတွက် လောင်စာဆီသည် အဓိက ကုန်ကျစရိတ်ဖြစ်ပြီး လောင်စာဆီဈေးနှုန်း မတည်ငြိမ်ခြင်းက လုပ်ငန်းလည်ပတ်မှုကို ခြိမ်းခြောက်နေသည်။ ဈေးကွက်အခက်အခဲ ရှိနေခြင်းနှင့် လောင်စာဆီဈေးနှုန်းမတည်ငြိမ်ခြင်းတို့က ဝင်ငွေနှင့်အသုံးစရိတ် ချိန်ခွင်လျှာ မျှတရန် ပိုမိုခက်ခဲလာပါသည်။







## (၃) ထုတ်ကုန်နှင့် ဈေးကွက်ဆိုင်ရာ အားနည်းချက်များ

တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း မရှိသူ (၈၇)ရာခိုင်နှုန်း ရှိနေခြင်းက ရေလုပ်ငန်းကဏ္ဍတွင် ကုန်ကြမ်းကိုသာ အဓိက ထုတ်လုပ်ရောင်းချနေရခြင်းကို ရှင်းလင်းစွာ ပြသသည်။ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုရှိသည့် (၁၃)ဦး အနက် (၁၀)ဦး မှာ ငါးခြောက်လုပ်ငန်းလုပ်ကိုင်ပြီး၊ ငါးပိရည်ကျို လုပ်ငန်းလုပ်ကိုင်သူ(၁)ဦး နှင့် ငံပြာရည်လုပ်ငန်းလုပ်ကိုင်သူ(၂)ဦး ရှိနေခြင်းက ကုန်ချောလုပ်ငန်းတွင် ၎င်းတို့ပါဝင်မှု နည်းပါးနေသည်တွေ့ရှိရပါသည်။ ကုန်ချောထုတ်လုပ်ရာတွင် ရေလုပ်သားများ စိတ်ဝင်စားမှုနည်းပါးနေခြင်းက အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် အခွင့်အလမ်းများ လက်လွတ်ခံနေရခြင်းကို ညွှန်ပြသည်။ ငါးဈေးကွက် တည်ငြိမ်မမှုရှိသည်ဟုဖြေဆိုသူ (၈၃)ရာခိုင်နှုန်းရှိခြင်းက ဈေးကွက်မတည်ငြိမ်မှုသည် ရေလုပ်သားများအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေသည်။ ဝယ်လိုအားနည်းနေသည်ဟုဖြေဆိုသူ (၄၅)ရာခိုင်နှုန်း နှင့် ပို့ဆောင်ဆက်သွယ်ရေးခက်ခဲနေသည်ဟုဖြေဆိုသူ (၂၃)ရာခိုင်နှုန်း ရှိခြင်းက ရေလုပ်သားများ၏ဝင်ငွေရရှိမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပြီး စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေနိုင်သည်။ ဈေးကွက်ချဲ့ထွင်မှုနှင့် ထိရောက်သည့်ရောင်းချမှုနည်းလမ်းများ မရှိခြင်းက လုပ်ငန်းတိုးတက်မှုကို ဟန့်တားနေသည်။







## (၄) စိန်ခေါ်မှုများနှင့် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များ

ရေလုပ်ငန်းတွင် ရာသီဥတု ပြောင်းလဲခြင်းကြောင့်ငါးဖမ်းဆီးရရှိမှု လျော့နည်းသည်ဟုဖြေဆိုသူ (၂၃)ရာခိုင်နှုန်း ရှိခြင်းက ရာသီဥတု ပြောင်းလဲခြင်းသည် ငါးဖမ်းဆီးရရှိမှုအပေါ် သက်ရောက်မှုရှိပြီး ရေလုပ်သားများ၏ ဝင်ငွေကို ထိခိုက်စေနိုင်သည်။ တစ်နှစ်ပတ်လုံး ငါးဖမ်းခွင့်မရခြင်းကလည်း ရာသီအလိုက် ဝင်ငွေပြတ်တောက်မှုကို ဖြစ်စေသည်။ အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်အနေဖြင့် ရေလုပ်သားအဖွဲ့အစည်းမရှိဟုဖြေဆိုသူ (၆၅)ရာခိုင်နှုန်း ရှိခြင်းက စိုးရိမ်ဖွယ်ရာဖြစ်သည်။ ရေလုပ်သားအဖွဲ့အစည်းများ မရှိခြင်းကြောင့် ရေလုပ်သားများအကြား စုပေါင်းလုပ်ကိုင်မှု အားနည်းနေပြီး၊ ရေလုပ်သားတို့၏ အခွင့်အရေးများကာကွယ်ရန်၊ အကူအညီပေးရန်နှင့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်း နိုင်သည့် ယန္တရားပျောက်ဆုံးနေသည်။

## နိဂုံးချုပ်

ချောင်းဆုံမြို့နယ်ရှိ ရေလုပ်သားများသည် လူမှုရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ဆိုင်ရာ အခက်အခဲ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ပညာရေးအဆင့်နိမ့်ကျခြင်း၊ လူငယ်များစိတ်ဝင်စားမှုနည်းပါးခြင်း၊ ဝင်ငွေမတည်ငြိမ်ခြင်း၊ ချေးငွေဝန်ထုပ်ဝန်ပိုးရှိနေခြင်း၊ လိုင်စင်ကြေးမြင့်တက်ခြင်း၊ ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ လောင်စာဆီ ဈေးနှုန်းမြင့်တက်ခြင်း နှင့် ပြတ်တောက်ခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်မှု အားနည်းခြင်းနှင့် ဈေးကွက်အခက်အခဲများရှိနေခြင်းက ရေလုပ်သားတို့၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုကို တိုက်ရိုက် ခြိမ်းခြောက်နေသည်။ ဤအခြေအနေများကို ဖြေရှင်းရန်အတွက် ဘက်စုံချဉ်းကပ်မှုနှင့် ထိရောက်သော မူဝါဒများ အရေးတကြီး လိုအပ်နေကြောင်း ဖော်ပြနေသည်။

